

Future Time Idea Group
ကာတွန်း
ဒါ တို့ အားလုံး ရဲ့

နိဒါန်း (၁)



အထက်တစ်ဝက်
အောက်တစ်ဝက်
ယံမှုပြန့်နေသောညအား
ရှေးဦးဖောက်ရန်
လူအချို့...
တာစူနေကြလိမ့်မည်... ။
ကာလွှတ်ဖို့... အချက်ပေးနေပြီ ကွ...
ထိုညထဲတွင် ကြင်စဦးဇနီးမောင်နှံ၏ မှုန်းမောလေအော
သိမ်မွေ့မှုများ ရှိနိုင်သည် ။

အရက်သမားတစ်ယောက်၏
တရေးနိုးတရှိုက်မက်မက်
ရေသောက်သံရှိနိုင်သည်။
အတိုက် နိမိတ်ကောက်လျှက်
ညဘက်ပြန်ထွက်သောဂဏန်း
သချ်ာများရှိနိုင်သည်။




အိမ်ခြေရာခြေမဲ့တစ်ဦး၏ အိမ်မက်လှလှ များရှိနိုင်သည်။



ဝက်သရေတဲဆိပ်ထားသောပွယောင်း
ယောင်းမျက်နှာနှင့် လူကြီးတစ်ဦး၏ငယ်မူ
ပြန်တိုက်တမိုးတံခါးဖွင့်သံရှိနိုင်သည်။






ညသည် ဟောင်တတ်သောခွေးတို့ကို အုံးအုံးကျွတ်ကျွတ် မွေးမြူထားသလိုချောက်
ချားစရာကောင်းသော်လည်း ဒုစရိုက်သမားတစ်ဦး၏ အတွေးတွင်နှင်းမြူများကြား
၌ ပန်းတွေဖွေးလှုပ်နေသယောင်ထင်ရသည် ။ ဝဝဖိုင့်ဖိုင့် မိန်းမကြီးတစ်ဦး၏
ဖြတ်သွားဖြတ်လာ အချိန်လွန်ရှင်မှုကို တာယာပွကြီးဂုဏ်ပြုကြိုဆိုလိုက်သည် ။




ဒီမယ်... အန်တီ...
ကျွန်တော့်ကို.. ပိုက်ဆံပေးပါ
ဟယ်..
အလိုတော် ကြည့်စမ်း လူတွေဟာအရှက်အကြောက်တရားကို မရှိကြဘူး... အားအင်အပြည့်နဲ့အရွယ် အလုပ်တော့မလုပ်ချင်ကြဘူး... တောင်းစားဖို့ပဲ စိတ်ကူးနေကြတယ် ဟွန်း...
တောက် ခုကွာပါပဲ... ကျုပ်က တောင်းစားတဲ့ သူတောင်းစား မဟုတ်ဘူး... လူဆိုးမှ လူဆိုး
ပေးစမ်း ပါလာတဲ့ငွေတွေရော ဝတ်ထားတဲ့လက်ဝတ်လက်စားတွေရော... ဒီမှာ တွေ့လား... ဓါး
မြက်စွာဘုရား


အမငီး မောင်ရယ်...မသိလို့ပါ ပစ္စည်းတော့ချမ်းသာပေးပါ...
ဟ ပစ္စည်းချမ်းသာ ပေးရင်...
ကျုပ်က ဘာကို ယူရ မလဲ...
လူကို.... ဟဲ... ပစ္စည်းတွေမပါရင် ကျုပ် ဖဲဒိုးရိုက်တာကိုယောကျ်ားသိသွားပြီး ကျုပ်ကို သေအောင်ရိုက်မှာ... မောင်ရင်ရယ် ပစ္စည်းယူမယ်ဆိုရင်တော့ ကျုပ်ကိုသာတစ်ပါတည်းခေါ်သွားပါတော့ အီး ဟီး ဟီး...
ဟာ... မဟုတ်တာ ပစ္စည်းပဲ ပေး...


ထင်ထားသည့်အတိုင်းဖြစ်မလာ၍ တာယာပွကြီး အကြပ်ရိုက်သွားသည်။ အချိန်မရှိ၊တခဏ အတွင်းဆုံးဖြတ်ချက်ချလိုက်သည်။
မပေးဘူး မပေးဘူး ကျုပ်ကိုသာတစ်ခါတည်း သေမင်းဆီ ပို့လိုက်တော့ဟေ့...
ကောင်းပြီ အဓော် ကျွန်တော်နဲ့ လိုက်ခဲ့ရမယ်...
ဘယ်ကိုလဲ
အံ့ညြစရာကောင်းသည်။ တကယ်တန်းဆိုလျှင်ထိုမိန်းမသည်တာယာပွကြီးခေါ်ရာလမ်းတစ်လျှောက်ချေးပြိုက်ပြိုက်ကျလျက်တစ်ကိုယ်လုံး ရှိသမျှ အင်အားနှင့်အသံတွေဖျစ်ညှစ်အော်ရင်းအကူအညီတောင်းဖို့ ကောင်းသည်။
ဝါလည်းအပျင်းပြေ လိုက်လည်ချင်တာနဲ့ အတော်ပဲ ဟဲဟဲ



အင်းလေ… ဘာပဲဖြစ်ဖြစ် အင်မတန်ချမ်းသာတဲ့ သူဌေးကတော်ကို ငါ… မမျှော်လင့်ပဲ ပြန်ပေးဆွဲခွင့်ရတာဟင်းဟင်း
အခန်းတစ်ခုသို့ ရောက်သည်နှင့် ဗာယာမှူးကြီး သော့ခတ်လိုက်သောအခါ မိန်းမကြီးသည် ထိုင်ခုံတစ်ခုပေါ်တွင် မှီထိုင်လျက် အကဲခတ်သလို အခန်းကိုမျက်လုံး ဝေ့ကြည့်သည်။
ဟင်း ဟင်း မင်းကရုပ်ဆိုးသာ ဆိုတယ် မင်းအခန်းလေးကသေသသပ် သန့်ရှင်းသားပဲ ၊ စိတ်ချမ်းသာစရာ..
မျှာ စိတ်ချမ်းသာတယ် ဟုတ်လား အမေ့ကိုကျွန်တော် ပြန်ပေးဆွဲလာတယ်ဆိုတာ သတိထားဦး…


ပြန်ပေးတာ... မပေးတာ မင်းကိစ္စပါ... လတ်တလောတော့ အနှိတီ သံပရာရည်တစ်ခွက်လောက် သောက်ချင်တယ် ဖြစ်မလား...
ဘုရားရေ
တာယာမှုကြီး စိတ်ရှုပ်ထွေးစွာသံပုရာရည် တစ်ခွက်ဖျော်ပြီး မိန်းမကြီးရှေ့ချပေးလိုက်သည်။


ကြည့်စမ်းပါဦး ကလေးရယ်... မင်းရဲ့ လက်ချောင်းလေးတွေက လှဆိုး လှမိုက်တစ်ယောက် မဟုတ်ဘဲသလိုဘဲ
ဟို... ဟို အဓေါ်... အိပ် အိပ်တော့နော် ကျွန်တော်အပြင်ဘက် မှာသွားအိပ်မလို့...
တကယ်တော့လေ... အနှိုက်ဘဝမှာ... အချစ်ဆိုတာ
မင်း... အနှိုက်ကို သိချင်းဆို သိပ်ပါလား တင်...
ရှုတ်တရက် တာယာပွကြီးကိုယ်ခန္ဓာ အရေပြားပေါ်သို့ ရိုးရိုးရွရွအရှုတ်တစ်ခု ခံစားလိုက်ရသည့် အမျိုးသမီးကြီး ပွကြီးရှိရာသို့ တဖြည်းဖြည်း ထလာသည် ။


အဲ… အမေ့ါ… ကျွန်တော် သီချင်းမဆိုတတ်လို့ပါ… မဆိုတတ်လို့နော်…
အဲ… ကျွန်တော် တကယ့်ကို မဆိုတတ်ဘူး ခင်ဗျ
ပြောပြီး ပြီးချင်း ပွဲကြီးရှုတ်တ ရက်အပြင်သို့ ထွက်ကာ အခန်းတံခါးကို ပိတ် လိုက်သည်…


ဟူး တော်ပါသေးရဲ့ ကြာရင်တော့ မဖြစ်ဘူး သူဌေး ဦးနိုင်ဝင်း ကို အကြောင်းကြားစာရေး ရမယ်...
သူဌေး ဦးနိုင်ဝင်း ခင်ဗျာ
လူကြီးမင်း၏ သမီးကို
ကျွန်တော် ပြန်ပေးဆွဲထားပါသည်..
ငွေသိန်းငါးရာ ပို့ပေးစေလိုသည်
အကယ်၍ မပို့ပေးလျှင်လူကြီးမင်း
၏ သမီးကိုပြန်လည်
ပေးပို့မည်..
အကွက်တော့ဝင်လာပြီ မဖြစ်ဘူး ၊ မဖြစ်ဘူး ၊ဒါအချိန်ဆွဲနေ ရင်... ပိုမိန်းမကြီးကို ပြန်ပို့နေဦးမယ်... အချိန်ရှိတုန်း ငွေသိန်းငါးရာ မြန်မြန်ပို့ပေးလိုက်မှ...
မောင်မင်းကြီးသား ကျွန်းမာချမ်းသာ ပါစေ..



အံ့ဩရပါသည်…
လောကကြီးသည်မာယာများစွာ
ဖြင့်… ပွကြီးထံသို့ငွေသိန်းငါးရာ
ဆိုက်ဆိုက် မြိုက်မြိုက်ရောက်
လာသည်။
ကဲ… ဒီငွေတွေရပြီး
မင်း ဘာလုပ်မလဲ… မင်း
ပြုံးနေပျော်နေတာတွေကို
အန်တီတစ်သက်လုံးထိုင်
ကြည့်ချင်တယ်…
ပျော်လင့်သမျှ ကြိုလင့်ခဲ့သမျှတွေကို
ပြန်လည်ခေါက်သိမ်းရန် တာယာပွကြီး
ဆုံးဖြတ်ချက်ချလိုက်သည်။ ခုချိန်တွင်…
ထိုငွေပုံကြီးထက် ထိုမိန်းမကြီးသူ့အနီး
မှာ မရှိဖို့လိုသည်။
တာယာပွကြီး ဖွတ်တရွတ်ထွက်ခဲ့ပြီး
စခန်းတွင် ဝန်ခံအဖမ်းခံလိုက်သည်။
ရင်ထဲကို..
ပေါ့သွားတာပဲ..

နိဒါန်း (၂)


တစ်ကောင်ကြွက် သမားတစ်ဦး၏အထီးကျန် ဆန်ခြင်းကို နူးညံ့သော မှားယွင်းမှု တစ်ခုနှင့်... သန်းဇော် အစပြုခဲ့သည် ဟု... ဆိုရမည်
သန်းဇော် သွားနေကျဆံသဆိုင်သို့ ဝင်ပြီး ဆံသဆရာအားမေးသည်
ဘယ်နှစ်ယောက် ကျန်သေးလဲ...
ခြောက်ယောက် ရှိသေးတယ်...



နောက်ရက်များတွင်လည်း ဘုန်းဇော်ထိုဆံသ ဆိုင်သို့ ဝင်ဝင်မေးသည်။
ဪ... အင်း အင်း ကောင်းတယ် ကောင်းတယ် စောင့်ရတာပေါ့...
ဘယ်နှစ်ယောက် ကျန်သေးလဲ ဟင်...
ဒီနေ့တော့ လူနည်းနည်း များတယ်၊ ကိုးယောက် လောက်ကျန်သေးတယ်
အင်း... ကောင်းတယ်... သိပ်ကောင်းတယ် အရမ်းကောင်းတာပဲ...
ဟ... ဘယ်လိုကြီးလဲ နေ့တိုင်းလာလာမေးပြီးတစ်ခါမှ လည်း ဆံပင်မညှပ်ဘဲနဲ့...


ရက်ခြား ရက်ခြားသန်းဇော် ဝင်မေး ပြန်သည်၊
ဆရာ ဒီနေ့ရော.. ဘယ်နှစ်ယောက် ရှိသေးလဲ
ဟာ..သိပ်ကောင်းတယ် သိပ်ကောင်းတယ်..၊ လွှတ်လပ်ရေးနေ့..ကိုး
ပြောအပြီးသန်းဇော်ပြုံး ရွှင်စွာပြန်ထွက်သွားသည့်အခါဆံသဆရာ သက်မကောင်းဖြစ်လာသည်၊
အင်း လွှတ်လပ်ရေးနေ့ ပိတ်ရက်ဆိုတော့ ဆယ်ယောက် ကျော်ကျော်လောက်တော့ စောင့်ရမယ်...၊
ဘယ်လိုလုပ်ပါလိမ့် ရက်ခြားရက်ခြား လာမေးပြီး ပြုံးပြုံး ထွက်သွားတယ်.. မဟုတ်သေးပါဘူး..
ဟေ့....မောင်ကြီး မင်းအလုပ်တွေခဏ ရပ်ပြီး အဲဒီလူနောက် ကို မသိမသာလိုက် ကြည့်စမ်း...
ဟုတ်ကဲ့ ဆရာ...